Burmese

စွန့်ပစ်ပစ္စည်း ဝန်ဆောင်မှုများ လမ်းညွှန်

စွန့်ပစ်ရမည့် အချိန်ရောက်ပြီ၊

GOVERNMENT OF WESTERN AUSTRALIA

WasteSorted
A Waste Authority Program

City of Wanneroo

စတင်ရောင်းချပေးနေသည့် အမှိုက်ပုံး အသစ်များ

ကျွန်ုပ်တို့၏ အမှိုက်ပုံး သုံးပုံး စနစ်အသစ်အားဖြင့် လူတိုင်းသည် အမှိုက်ကို သင့်တော်သောနေရာသို့ ရောက်ရှိရန် အထောက်အကူပြုပါသည်။ ကျွန်ုပ်တို့သည် ရှုပ်ထွေးမှုကို ရှောင်ရှားရန်နှင့် ဩစတြေးလျန်း စံနှုန်းများနှင့်ကိုက်ညီစေရန်အတွက် ကျွန်ုပ်တို့၏ အမှိုက်ပုံး အဖုံးများ၏ အရောင်ကို ပြောင်းလဲခဲ့သည်။ ကျွန်ုပ်တို့၏ အမှိုက်ပုံးများကို မှန်ကန်စွာ အသုံးချခြင်းဖြင့် အဖိုးတန်သည့် ရင်းမြစ်ပစ္စည်းများကို မြေမြှုပ် မပစ်စေရန်နှင့် နောင်လာနောက်သားများအတွက် သဘာဝ ပတ်ဝန်းကျင်ကို ကျွန်ုပ်တို့ အကာအကွယ် ပေးရာရောက်သည်။

မည်သည့် အမှိုက်ပုံးထဲ ထည့်ရမည်ကို မသေချာဘူးလား။ Recycle Right app ကို ဒေါင်းလုဒ်ဆွဲပါ။

Recycle Right app သည် အရာများကို မည်သည့် အမှိုက်ပုံးထဲထည့်ရန် သိရှိရန်အတွက် ရိုးရိုးနှင့် လွယ်ကူသည့် နည်းလမ်းတစ်ခုဖြစ်ပါသည်။

- မည်သည့်အမှိုက်ပုံး – မည်သည့်အမှိုက်ပုံးထဲ မည်သည့်အမှိုက် ထည့်ရမည့်အပြင် မည်သည့်အမှိုက် မထည့်ရန်နှင့် စွန့်ပစ်ပုံ နည်းလမ်းအမှန်ကို ချင်းချင်း ရှာဖွေပါ။
- သီးခြား အမှိုက်များ A–Z အထိ စာရင်းတစ်ခုကြောင့် သင် ၎င်းတို့ကို မည်သို့ စနစ်တကျ စွန့်ပစ်ရမည်ကို သိရှိပါမည်။
- ကျွန်ုပ်နှင့်အနီးဆုံး ကိုရှာပါ – ၎င်းကြောင့် သင်သည် ဓါတ်ခဲများ၊ ကားအစိတ်အပိုင်းများ၊ အိမ်သုံး အန္တရာယ်ရှိ အမှိုက်နှင့် နောက်ထပ်ပစ္စည်းများကဲ့သို့ အရာပစ္စည်းများအတွက် Perth မြို့ လူထုထပ်ရာနေရာရှိ သင်နှင့်အနီးဆုံး အသုံးချပစ္စည်းပြန်လုပ်ရန် စွန့်ပစ်ရာနေရာ (သို့) လာရောက်စွန့်ပစ်ရာနေရာကို ရှာဖွေရန်နှင့် လမ်းကြောင်းကို သင် သိရှိစေသည်။



iOS အသုံးပြုသူများ အတွက် App Store

Android အသုံးပြုသူများအတွက် Google Play Store

recycle right
recycleright.wa.gov.au

အထွေထွေ အမှိုက်ပုံးထဲ 60% လျော့ထည့်သည့် လူပုဂ္ဂိုလ်လူတော်ကြီးများ လမ်းတိုင်းတွင် ရှိပါသည်။

မင်္ဂလာပါ၊ ကျနော် ဂျီ ဖြစ်ပါတယ်။

မြေမြှုပ်မပစ်နိုင်အောင် အလွန်ကောင်းနေတဲ့ အရာတွေအတွက် ထားရာနေရာအသစ်တွေကို ကျနော် ရှာနေပါတယ်။ ကျနော် ကုသိုလ်ဖြစ်ဆိုင်တွေ၊ ကျနော် မိတ်ဆွေတွေနှင့် အိမ်နီးချင်းတွေကို လက်ဆောင်အဖြစ် ပေးပါတယ်။ ကျနော် အွန်လိုင်းကနေပြီး ရောင်းပါတယ်၊ ကျနော်ဟာ 'Buy Nothing' လို့ခေါ်တဲ့ လူမှုရေးကွန်ရက် အုပ်စုရဲ့ အိမ်နီးချင်း အဖွဲ့ဝင်တစ်ဦးဖြစ်ပါတယ်။

မင်္ဂလာပါ၊ ကျနော် အာ ဖြစ်ပါတယ်။

ကျနော်ဟာ ဆင်ခြင်တတ်တဲ့ လူတော်တစ်ယောက်ပါ။ ကျနော်တို့ ဒီ အရာ ငါးမျိုးကိုသာ အဝါရောင်-အဖုံးပါ အသုံးချပစ္စည်းပြန်လုပ်တဲ့ အမှိုက်ပုံးထဲ ထည့်ရမှာကို ကျနော် သိပါတယ်- အဲ့ဒါတွေဟာ သံဘူးတွေ၊ စက္ကူ၊ ကတ်ထူ၊ ဖန်၊ နှင့် ပလတ်စတစ် ပုလင်းတွေနှင့်ပုံးတွေ ဖြစ်တယ်။ ကတ်ထူတွေကို ပြားချပ်အောင်လုပ်ဖို့ ကျနော် သိပါတယ်၊ ဘူးတွေကို ရေနှင့်ကျင်းပြီးနောက် ကျနော် အဖုံးဖြုတ်ထားရမှာ ဖြစ်တယ်။

မင်္ဂလာပါ၊ ကျနော် အီး ဖြစ်ပါတယ်။

အစားအစာ စားကြွင်းစားကျန်တွေနှင့် ဥယျာဉ်ခြံထွက် စွန့်ပစ်ပစ္စည်းတွေကို အရမ်းကောင်းတဲ့ မြေသြဇာလုပ်ဖို့ မြေကြီးထဲ ထည့်နိုင်တာကို ကျနော် သိပါတယ်။ ကျနော့်ရဲ့ ဥယျာဉ်ခြံကို မြေသြဇာကျွေးဖို့ မြေသြဇာ အမှိုက်ပုံး တစ်ခု ကျနော့်အိမ်မှာရှိပါတယ်၊ ပြီးတော့ အိမ်နီးချင်းတွေကို သူတို့ရဲ့ စားကြွင်းစားကျန်တွေကို ShareWaste ကိုပေးဖို့ ကျနော် ကူညီပေးပါတယ်။

မင်္ဂလာပါ၊ ကျနော်ဟာ အေ ဖြစ်ပါတယ်။

သင့် စွန့်ပစ်ပစ္စည်းကို လျော့နည်းအောင်လုပ်ဖို့ အကောင်းဆုံး နည်းလမ်းမှာ အရင်ဦးဆုံး ရှောင်ဖို့ဖြစ်ပါတယ်။ တစ်ခါသုံး ခွက်တွေ၊ မလိုအပ်တဲ့ ပလတ်စတစ် ထုပ်ပိုးစရာနှင့် ပလတ်စတစ်အိတ်တွေကို မသုံးဖို့ ကျနော် ပြောပါမယ်။ ကျနော် လိုအပ်သလောက်ထက် ပိုဝယ်မိမှာကို ရှောင်ဖို့ ကျနော့်ရဲ့ ဈေးဝယ်စာရင်းအတိုင်းကိုဘဲ ဝယ်ပါတယ်။



ကျနော်ဟာ တီ ဖြစ်ပါတယ်။

စွန့်ပစ်ပစ္စည်းဟာ အိမ်မှာ အမှိုက်ပုံးထဲချည်း ပစ်ဖို့မဟုတ်ပါဘူး။ အန္တရာယ်ရှိတဲ့ အရာတွေကို ပုံးထဲထည့်ပြီး အထူး စွန့်ပစ်ရာနေရာဆီ ယူသွားဖို့ ကျနော် အမြဲ သတိရပါတယ်။

လူပုဂ္ဂိုလ်လူတော်တစ်ယောက် ဖြစ်အောင်လုပ်ပါ။

မြေကြီးထဲမြှုပ်ပစ်ဖို့ကိစ္စဟာ နောက်ဆုံးလုပ်ရမည့် နည်းလမ်းပါ။

ပလတ်စတစ်

အသုံးချပစ္စည်းပြန်လုပ်ရန် အမှိုက်ပုံး

ပလတ်စတစ် ပုလင်းများနှင့် ဘူးများ

သစ်သီးထည့်
လေးထောင့်ခြင်းငယ်

ဒိန်ချဉ်ထည့်ဘူး
ငယ်များ

စားမြိန်ရည် ပုလင်းများ

ရေခဲမုန့်ဘူးများ

ဖျော်ရည်ယမကာ
ပုလင်းများ

အစားအစာပါဆယ်
ထည့်ဘူးများ

ရေချိုးခန်းသုံးပစ္စည်း ပုလင်းများ

အဝတ်လျှော်ပစ္စည်း
ပုလင်းများ

Perth မြို့တွင် ကျွန်ုပ်တို့ ၎င်း
တို့ကို အဖုံးဖြုတ်ပြီး အထွေထွေ
အမှိုက်ပုံးထဲ ထည့်သည်

အထွေထွေ အမှိုက်ပုံး

ပလတ်စတစ်

ပလတ်စတစ်အပျော့များ သို့မဟုတ် လုံးခြေပစ်နိုင်သော ပလတ်စတစ်များ

ပလတ်စတစ် အထုတ်များ

အထုတ်ငယ်နှင့် အိတ်ငယ်များ

လူအများအပြားသည် ပလတ်စတစ်အပျော့များကို အသုံးချပစ္စည်း ပြန်လုပ်ရန် ဒေသတွင်း စတိုးဆိုင်များသို့ ယူသွားကြသည်။

နောက်ထပ်သိစရာများကို redcycle.net.au တွင်ကြည့်ပါ

ပလတ်စတစ် အိတ်များ

အခြား အိမ်သုံး ပလတ်စတစ်များ

အသုံးချပစ္စည်း ပြန်လုပ်ရန် ပိုလီစတိုင်ရင်း ခေါ် ပလတ်စတစ်ဖော့ဖြူများကို စွန့်ပစ်ရာ-နေရာသို့ ယူဆောင်သွားခြင်းဖြင့် ကျနော်တို့လမ်းမှ အမှိုက်ပုံး အတွင်းရှိ နေရာကို သက်သာစေသည်။

ပိုလီစတိုင်ရင်း ခေါ် ပလတ်စတစ်ဖော့ဖြူ

အထွေထွေ အိမ်သုံး ပလတ်စတစ် အရာပစ္စည်းများ

တစ်ခါသုံး အစားအစာပါဆယ် အရာပစ္စည်းများ

လူအများအပြားသည် စွန့်ပစ်အရာပစ္စည်းများနှင့် တစ်ခါသုံး အရာပစ္စည်းများမှ တည်တန့်ပြီး ပြန်အသုံးချနိုင်သည့် အစားထိုးပစ္စည်းများအထိတို့ကို အလဲအလှယ်လုပ်ကြပါသည်။

စက္ကူနှင့် ကတ်ထူ။

အသုံးချပစ္စည်းပြန်လုပ်ရန် အမှိုက်ပုံး

ကြက်ဥထည့် ကတ်ထူများ

ကတ်ထူ ပြွန်များ

ကတ်ထူပုံးများ

စာရေး စက္ကူ

အရည်ထည့် သည့် ကတ်ထူ ဘူးများ

စာအိတ်များ

သတင်းစာ စက္ကူနှင့် မဂ္ဂဇင်းစာအုပ်များ

ပြားချပ်ထားသည့် ကတ်ထူအားဖြင့် နေရာသက်သာပြီး အရာများကို ညှိနေခြင်းမှ ဟန့်တားပေးသည်။

အထွေထွေ အမှိုက်ပုံး

သတ္တုလွှာကွတ်ထားသည့် ကတ်ထူဘူးများ

ပါဆယ်ထည့် ရေခွက်များ

ဖြတ်ထားသည့် စက္ကူ

ညစ်ပတ်နေသည့် စက္ကူနှင့် ထုတ်ပိုးစရာ ကတ်ထူ

တစ်ရှူးနှင့် စက္ကူပဝါ

ကျွန်ုပ်သည် ဖြတ်ထားသည့် စက္ကူနှင့် စက္ကူပဝါများကို အိမ်၌ မြေသြဇာ အမှိုက်ပုံးအတွက် စုဆောင်းပါသည်။

အသုံးချပစ္စည်းပြန်လုပ်ရန် အမှိုက်ပုံး

စည်သွတ်ဘူးနှင့် သံဘူးများ

သတ္တု အဖုံးများ

အချင်း ၅ စင်တီမီတာရှိ အလုံးအဖြစ် လုံးခြေထားသည့် အလူမီနီယံ သတ္တုလွှာ

ကျွန်ုပ်တို့ အဖျော်ရည်ယမကာဘူးအလွတ်များကို ပြန်အမ်းငွေ ၁၀ ဆင့် ရရှိရန် ဒေသတွင်း ပြန်အမ်းငွေဌာနသို့ ယူသွားကြပါသည်။ ကျွန်ုပ်တို့ ဤငွေပိုများကို ကျောင်းများ၊ ကုသိုလ်ဖြစ်ဌာနများနှင့် အသင်းများသို့ လှူဒါန်းပါသည်။

သတ္တု

သွားရောက်စွန့်ပစ်ရာ-စင်တာ

wanneroo.wa.gov.au/recycleright

အန္တရာယ်ရှိသော အရာပါဝင်သည့် သံဘူးများ

ဖြန်းဆေးဘူးများ

သုတ်ဆေး

အခြား အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်း အမျိုးအစားများကို စာမျက်နှာ ၁၃ တွင်ကြည့်ပါ

ဖန်

အသုံးချပစ္စည်းပြန်လုပ်ရန် အမှိုက်ပုံး

ပုလင်းများနှင့် ဖန်ဘူးများ

ရေဖန်ခွက်များ

စားကြွင်းစားကျန်များ
မပါရှိသော ပုလင်းဘူးများကို
ရေဖြင့်ကျင်းပေးခြင်းအားဖြင့်
အသုံးချပစ္စည်း ပိုမို
ပြန်လုပ်ခြင်းကို ကျွန်ုပ်
ပံ့ပိုးပေးသည်။

သွားရောက်စွန့်ပစ်ရာ–စင်တာ

wanneroo.wa.gov.au/recycleright

အခြား အိမ်သုံး ဖန်

ငါးကန်များ

လက်ဆောင်ပေးရန် ပစ္စည်းများအဖြစ်နှင့်
တစ်စုံတစ်ယောက်၏ အခမ်းအနားနေ့အဖြစ်
လုပ်ပေးမည့်နည်းလမ်း
အများအပြားရှိသည်။
အဆိုပါ ပစ္စည်းများကို သင် စွန့်ပစ်နေရာသို့
သွားရောက်ပစ်နိုင်သည်၊ အိမ်နီးချင်းသို့
ပေးနိုင်သည်၊ လဲလှယ်နိုင်သည် သို့မဟုတ်
ရောင်းချနိုင်သည်။

မှန်များ

ဖန်ချပ်ခင်းထားသည့်
စားပွဲများ

အထွေထွေ အမှိုက်ပုံး

ဇီဝအခြေခံ အစားအစာ

အသား

နို့ထွက်ပစ္စည်း

သစ်သီးနှင့်
ဟင်းသီးဟင်းရွက်
အလေအလွင့်များ

ထမင်းနှင့် အစေ့အဆန်များ

လူအများအပြားသည် အိမ်ရှိ အစားအစာ
အလေအလွင့်များကို မြေမြှုပ်၍
ပြန်အသုံးချကြသည်။ တီကောင်မွေးမြူရေး၊
မြေသြဇာအမှိုက်ပုံး၊ ကြက်သားဟင်းကျန်၊
အချဉ်ဖောက်ထားသည့် ဇီဝအခြေခံ အမှိုက်
သို့မဟုတ် ၎င်းတို့ကို မြေသြဇာလုပ်သည့်
အိမ်နီးချင်းသို့ပေးခြင်းတို့ဖြင့်
နည်းလမ်းအမြောက်အမြား ရှိပါသည်။ အစားအစာ
အလေအလွင့်များကို မြေမြှုပ်ပစ်ခြင်းအား
ရှောင်ကြဉ်ရန် လွယ်ကူပါသည်။ Wanneroo
မြို့တော် နေထိုင်သူများအတွက် ဆုကြေးများကို
ဝက်ဘ်ဆိုက် switchyourthinking.com.au
တွင်ရှာပါ။

အထွေထွေ အမှိုက်ပုံး

ခံတွင်း ကျန်းမာရေး
စောင့်ရှောက်မှု

ကော်ပါသော ပတ်တီး

သေးခံများနှင့် တစ်ခါသုံး
သန့်စင်ရေး အရာပစ္စည်းများ

ဥယျာဉ်ခြံထွက် အရာပစ္စည်းများ

အထွေထွေ အမှိုက်ပုံး

တိရစ္ဆာန် မစင်များနှင့်
အိမ်မွေးတိရစ္ဆာန် ချီး

ဥယျာဉ်ခြံသုံး ကိရိယာ
ပစ္စည်းများ

မြေဆွေး

ပန်းအိုးများ

မီတာအရှည်ဖြတ်ထား
သော အပင်ရေဖြန်းပိုက်

တိရစ္ဆာန်အိပ်ရာခင်းနှင့်
အမှိုက်စ

ဆောက်လုပ်ရေးနှင့် အိမ်ဖျက်ရာမှထွက်သည့် အမှိုက်များ

သွားရောက်စွန့်ပစ်ရာ-စင်တာ

wanneroo.wa.gov.au/recycleright

အုတ်ခြပ်များ

သဲနှင့်အုတ်ကျိုးအုတ်ပဲ့

ခြစည်းရိုးသွတ်ပြား

ဆောက်လုပ်ရေးသုံး စွန့်ပစ်ပစ္စည်းများကို
အထူး စွန့်ပစ်ရန်လိုအပ်သည်
—သင့်နည်းလမ်းကို သိရှိရန်
wanneroo.wa.gov.au/recycleright
တွင်ကြည့်ပါ။

အက်ဘက်စ်တပ်စ်

ဥယျာဉ်ခြံထွက် ဇီဝအခြေခံ (GO) အမှိုက်ပုံး

သစ်ကိုင်းသေးသေးများ

အများဆုံး ၁၀၀ စင်တီမီတာ အရှည်

အများဆုံး ၆ စင်တီမီတာ အကျယ်

ကြီးမားသော ဖြတ်စတုံးကြီးများကို နှစ်စဉ် ထုထည်ကြီး သစ်ပင်ထွက်ပစ္စည်း လာရောက်သိမ်းဆည်းမှု အတွက် စုဆောင်းထားပါ။

ကျန်းမာရေးနှင့်ညီညွတ်သော သန့်ရှင်းရေးသုံး ထုတ်ကုန်ပစ္စည်းများကို ဂုဏ်သတင်းကျော်ကြားသော Wangara Greens Recycling Facility, 70 Motivation Drive, Wangara သို့ယူဆောင်သွားရန် ကျွန်ုပ်တို့ ဘောက်ချာများကိုလည်း သုံးပါသည်။

သင်၏ (GO) အမှိုက်ပုံးထဲ ပလတ်စတစ်အိတ်များ မပစ်ရပါ

သစ်ရွက်များ

သစ်တုံးများနှင့် တုတ်များ

ဥယျာဉ်ခြံထွက် သစ်ကိုင်းဖြတ်စများ

ရိတ်ပြီးသား မြက်များနှင့် ပေါင်းပင်များ

(GO) အမှိုက်ပုံး မရှိဘူးလား။ ဥယျာဉ်ခြံထွက် အခြေခံဇီဝများကို သင့် အထွေထွေ အမှိုက်ပုံးထဲ ထည့်ပါ။

အခြား အိမ်သုံး အရာပစ္စည်းများ

အထွေထွေ အမှိုက်ပုံး

Wanneroo မြို့တော်၌ ကျွန်ုပ်တို့သည် အိမ်သုံး အရာပစ္စည်းများကို လက်ဆောင်ပေးသည်၊ လဲလှယ်သည်၊ ရောင်းချပါသည်။ ၎င်းသည် တစ်စုံတစ်ယောက်အတွက် အခမ်းအနားနေ့တစ်နေ့ဖြစ်စေပြီး မြေမြှုပ်ခြင်းကို ရှောင်ရှားပါသည်။

အိပ်ရာအခင်းအကျင်းများနှင့် အိပ်ရာဖုံးများ

အဝတ်အဟောင်းများနှင့် အထည်အလိပ်များ

နှစ်စဉ် ထုထည်ကြီး ကုန်မာ စွန့်ပစ်ပစ္စည်း လာရောက်သိမ်းဆည်းပေးခြင်း

မြို့တော်သည် နှစ်စဉ် ထုထည်ကြီး ကုန်မာ စွန့်ပစ်ပစ္စည်း လမ်းစွန်၌ လာရောက်သိမ်းဆည်းပေးခြင်းကို ဆောင်ရွက်ပေးပါသည်။ စွန့်ပစ်ပစ္စည်းများကို လာရောက်သိမ်းဆည်းရန် စီစဉ်ထားသည့်နေ့ရက် မတိုင်မီ တစ်ပတ်ကြိုတင်၍ လမ်းစွန်တွင် ချထားသင့်သည်။ ကျေးဇူးပြု၍ သင်၏ လာရောက်သိမ်းဆည်းပေးမည့် ရက်ချိန်းကို wanneroo.wa.gov.au/bulkwaste တွင်ကြည့်၍ စိစစ်ပါ။ အကယ်၍ သင် လွဲသွားပါက လာရောက်သိမ်းဆည်းပေးမည့်ဝန်ထမ်းများသည် နောက်ထပ် လာသယ်ပေးမည် မဟုတ်ပါ။

မွေ့ယာများ

ပရိဘောဂ

အိမ်သုံး ထုထည်ကြီး စွန့်ပစ်ပစ္စည်း

အိမ်သုံးလျှပ်စစ်ပစ္စည်းများ

စွန့်ပစ်ပစ္စည်းများကို လမ်းစွန်၌ လာရောက်ယူငင်မည့် စက်ပစ္စည်းယာဉ် ဝင်ထွက်နိုင်အောင် သေသေသပ်သပ် ထားပါ။

သွားရောက်စွန့်ပစ်ရာ–စင်တာ

wanneroo.wa.gov.au/recycleright

လျှပ်စစ် စွန့်ပစ်ပစ္စည်း (အီလက်ထရောနစ် စွန့်ပစ်ပစ္စည်း)

မိုဘိုင်းဖုန်းများနှင့် အပိုပစ္စည်းများ

မော်တော်ကား ဘက်ထရီများ

အင်ဂျင်စက်ဆီ

တာယာ

ဆေးဝါး

လူအများအပြားသည် ဤစွန့်ပစ်ပစ္စည်းများကို ၎င်းတို့နှင့် အနီးဆုံး စွန့်ပစ်ရာ စင်တာသို့ ယူဆောင်သွားခြင်းအားဖြင့် ပတ်ဝန်းကျင်နှင့် ကျွန်ုပ်တို့၏ လူမှုအသိုင်းအဝိုင်းကို လုံခြုံအောင်ထားသည်။

သွားရောက်စွန့်ပစ်ရာ–စင်တာ

wanneroo.wa.gov.au/recycleright

မီးလုံးများ

အိမ်သုံး ဘက်ထရီများ

မီးခိုးအချက်ပြစက်

အချက်ပြမီးတိုင်များ

ဓါတ်ငွေ့အိုးများ

မီးသတ်ဘူးများ

အက်စစ်၊ အယ်လ်ကာလီနှင့် အခြား အိမ်သုံး ဓါတုပစ္စည်းများ

စွန့်ပစ်ပစ္စည်း လာရောက်သိမ်းဆည်းရန် သတ်မှတ်ချက်များ

လာရောက်သိမ်းဆည်းရန်အတွက် သင့် အမှိုက်ပုံးများကို နေရာချပေးထားခြင်း

သင်၏ သိမ်းဆည်းရမည့်နေ့ရက်တွင် အမှိုက်ပုံးများကို နံနက် ၆ နာရီ နောက်ဆုံးထား၍ နေရာချပေးပါ။

အမှိုက်ပုံး တစ်ပုံးစီ၏ အများဆုံး အလေးချိန်မှာ ၇၀ ကီလို ဂရမ် ဖြစ်သည်။

အမှိုက်ပုံးများရှေ့၌ ကားရပ်နားခြင်း မလုပ်ပါနှင့်၊ လမ်းကျဉ်းများကို ရှင်းနေအောင်ထားပါ။

သင့်အမှိုက်ပုံးများကို သိမ်းဆည်း၍ပြီးပြီးချင်း သင့်အိမ် အဆောက်အဦးနယ်မြေ အတွင်းရှိ အမှိုက်ပုံးထားရာ နေရာတွင် ပြန်ထားပေးပါ။

သစ်ပင်များမှ အနည်းဆုံး ၁ မီတာ အကွာ၌ထားပြီး သစ်ပင်၏ သစ်ကိုင်းသစ်ခက်အောက်၌ မထားပါနှင့်။

အမှိုက်ပုံးများအကြား အနည်းဆုံး ၁ မီတာ ခွာထားပါ

ကားများ၊ စာသေတ္တာများနှင့် ခြံစည်းရိုးများ စသဖြင့်တို့မှ အနည်းဆုံး ၁ မီတာ ခွာထားပါ

သင်၏ ထုထည်ကြီး စွန့်ပစ်ပစ္စည်းကို လာရောက်သိမ်းဆည်းရန်အတွက် နေရာချထားခြင်း

စွန့်ပစ်ပစ္စည်းကို လမ်းစွန်း၌ လာရောက်ယူငင်မည့် စက်ပစ္စည်းယာဉ် ဝင်ထွက်နိုင်အောင် သေသေသပ်သပ် ထားပါ

- လျှောက်လမ်းများ၊ လမ်းကျဉ်းများနှင့် ယာဉ်ကြောများကို ရှင်းနေအောင်ထားပါ။ သင့်အိမ်မှာ လမ်းကျဉ်းထဲ ရှိနေလျှင် ထုထည်ကြီး စွန့်ပစ်ပစ္စည်းကို သင့်အိမ်ရှေ့ရှိ ညှိသည့် ကားရပ်နားရာနေရာများအနက် တစ်နေရာတွင် ကျေးဇူးပြုပြီး ထားပါ။
- ခြံစည်းရိုးများ၊ နံရံများ၊ သစ်ပင်များ၊ စာသေတ္တာများ၊ အများပြည်သူသုံးအရာများ၊ လျှပ်စစ်ဓါတ်အားစက် ထားရာနေရာများ၊ ရေမီတာများနှင့် မြက်ရေဖြန်းစက်များ တို့ကိုမပျက်စီးစေရန်အတွက် စွန့်ပစ်ပစ္စည်းကို အနည်းဆုံး ၁ မီတာ ခွာ၍ ကျေးဇူးပြုပြီး ထားပါ။
- စွန့်ပစ်ပစ္စည်းများကို အရောင်ဖျော့ဖျော့ အုတ်ကြမ်းခင်းပေါ်နှင့် မြက်လွှာအတုကြမ်းခင်းပေါ် မထားပါနှင့်။ ကားများကြောင့် အရာများထင်းသွားခြင်း သို့မဟုတ် အပျက်အစီးဖြစ်ပွားခြင်းတို့ကို ရှောင်ရှားရန် အတွက် ဤမျက်နှာပြင်များပေါ် ထားရှိသည့် ပစ္စည်းကို ကျွန်ုပ်တို့ မသယ်နိုင်ပါ။
- လာရောက်သယ်စေမည့် သင့်စွန့်ပစ်ပစ္စည်းကို မည်သည့်နေရာ၌ ထားရမည်ကို သင် မသေချာပါက မြို့တော်ကို ဖုန်း **9405 5000** ဖြင့်ဆက်ပါ။

အမှိုက်ပစ်ခြင်းနှင့် တရားမဝင် အမှိုက်စွန့်ပစ်ခြင်း

Wanneroo မြို့တော်တွင် ကျွန်ုပ်တို့ နေထိုင်သည့်မြေကို ကျွန်ုပ်တို့ နှစ်သက်ပါသည်။ တရားမဝင် အမှိုက်စွန့်ပစ်ခြင်းကို အောက်ပါသို့ သတင်းပို့ပေးခြင်းအားဖြင့် သင် မြေကိုသန့်ရှင်းနေအောင် ကူညီပေးနိုင်သည်–

- The City's Rangers ကိုဖုန်း 9405 5000 ဖြင့်ဆက်ပါ သို့မဟုတ် ရုံးချိန်နောက်ပိုင်း ဖုန်း 1300 138 393 ဖြင့်ဆက်ပါ
- ရေနှင့် ပတ်ဝန်းကျင်ဆိုင်ရာ စည်းမျဉ်းများ၏ တရားမဝင် အမှိုက်စွန့်ပစ်ခြင်း တိုက်ရိုက်ဖုန်းလိုင်း (The Department of Water and Environmental Regulation's illegal dumping hotline) ကို ဖုန်း 1300 784 782 ဖြင့်ဆက်ပါ။
- ဩစတြေးလျနိုင်ငံ လှပထားရှိရေးအတွက် အမှိုက်ပစ်ခြင်းကို သတင်းပို့သူ အစီအစဉ် (The Keep Australia Beautiful Litter Reporter Scheme) (ယာဉ်ပေါ်မှ အမှိုက်စွန့်ပစ်ခြင်းနှင့် အမှိုက်ပစ်ခြင်းကို သတင်းပို့သည့်အခါ) kabc.wa.gov.au/report-littering

ဒေသတွင်း နေရာတစ်ခုကို ကူညီသန့်ရှင်းပေးရန် လိုလားပါသလား။ နေထိုင်သူအများအပြားသည် 'Adopt- a-Spot' နေရာတစ်နေရာကို စေတနာဖြင့် သန့်ရှင်းပေးကြသည်။ ယနေ့ wanneroo.wa.gov.au/adopt-a-spot တွင်စာရင်းဝင်ပါ။

City of Wanneroo

23 Dundebar Road, Wanneroo, WA 6065

Locked Bag 1, Wanneroo, WA 6946

ဖုန်း– (08) 9405 5000
ရုံးချိန်နောက်ပိုင်း ဖုန်း– 1300 13 83 93
အီးမေးလ်– enquiries@wanneroo.wa.gov.au

wanneroo.wa.gov.au

ဤစာရွက်စာတမ်းကို ဘာသာစကား အမျိုးမျိုးဖြင့် ဘာသာပြန်ဆိုထားသည်။ နောက်ထပ် သိရှိရန် ကျေးဇူးပြု၍ ဝက်ဘ်ဆိုက် wanneroo.wa.gov.au/talkingmylanguage တွင်ကြည့်ရှုပါ။

processgreen™
environmentally sustainable printing

နေရောင်ခြည်သုံး လျှပ်စစ်ဓါတ်အားနှင့် အမြင့်ဆုံး အပြည်ပြည်ဆိုင်ရာ ပတ်ဝန်းကျင် စံနှုန်းများကို အသုံးပြုခြင်းဖြင့် ပုံနှိပ်ထားသည်။

သင်၏ အဝါရောင် အဖုံးပါ အသုံးချပစ္စည်းပြန်လုပ်ရန် အမှိုက်ပုံးထဲ ဤစာရွက်များကိုထည့်၍ ပြန်လည်အသုံးချပါ။

အလျှင်အမြန် ရည်ညွှန်းရန် လမ်းညွှန်

အသုံးချပစ္စည်း ပြန်လုပ်ရန် အမှိုက်ပုံး

- ✓ အလူမီနီယံနှင့် သံမဏိ ဘူးများ
- ✓ ဖန် ပုလင်းများနှင့် ဖန်ဘူးများ
- ✓ ပလတ်စတစ် ပုလင်းများနှင့် ဘူးများ
- ✓ သန့်ရှင်းနေသည့် ကတ်ထူများ (ပြားချပ်ထားပြီး)
- ✓ စက္ကူ (ဖြတ်စများ မဟုတ်)

ဥယျာဉ်ခြံထွက် ဇီဝအခြေခံ အမှိုက်များ (GO) အမှိုက်ပုံး

- ✓ မြက်ဖြတ်စများ
- ✓ သစ်ရွက်များ/ပန်းများ
- ✓ သစ်ကိုင်းပြတ်များနှင့် သစ်ကိုင်းသေးသေးများ
- ✓ ပေါင်းပင်များ၊ တုတ်များနှင့် သစ်တုံးများ

အထွေထွေ အမှိုက်ပုံး

- ✓ အစားအစာအမှိုက်
- ✓ ပြုပြင်၍မရနိုင်သော အဝတ်အစား
- ✓ သေးခံများ/သန့်စင်ရေးသုံး အရာပစ္စည်းများ
- ✓ ဖြတ်ထားသည့်/ညစ်ပတ်နေသည့် စက္ကူ
- ✓ ညစ်ပတ်နေသည့် ကတ်ထူ (ပြားချပ်ထားသည့်)
- ✓ တိရစ္ဆာန်မစင်များနှင့် အိမ်မွေးတိရစ္ဆာန် မစင်

ထုထည်ကြီး စွန့်ပစ်ပစ္စည်း လမ်းစွန်၌ လာရောက်သိမ်းခြင်း

မွေ့ယာများ

မီးဖိုများနှင့် အခြား အိမ်သုံးလျှပ်စစ်ပစ္စည်းများ (အရှည် ၁.၅ မီတာ အထိ) အိမ်ထောင်ပရိဘောဂနှင့် အခြား ထုထည်ကြီး အိမ်သုံးအရာပစ္စည်းများ

စွန့်ပစ် သံမဏိ

ထုထည်ကြီး သစ်ပင်ထွက်စွန့်ပစ်ပစ္စည်း လမ်းစွန်၌ လာရောက်သိမ်းခြင်း

သစ်ရွက်သစ်ကိုင်းစနှင့် ခြုံနွယ်ဖြတ်စများ (အရှည် ၁.၅ မီတာနှင့် အချင်း ၃၀၀ မီလီမီတာ)

ဒေသခံ အစိုးရ စီမံခန့်ခွဲသည့် လာရောက်စွန့်ပစ်ရာ နေရာများ

Wangara Greens Recycling Facility
(စနေ တနင်္ဂနွေနှင့် အများပြည်သူ ရုံးပိတ်ရက်များတွင် ဖွင့်သည်)
70 Motivation Drive, Wangara
ဖုန်း– 9405 5000

Tamala Park
1700 Marmion Avenue, Mindarie
ဖုန်း– 9306 6303

Recycling Centre Balcatta
238 Balcatta Road, Balcatta
ဖုန်း– 9205 8555



လူအများစုသည် လာရောက်စွန့်ပစ်ရာနေရာသို့ အောက်ပါ အရာပစ္စည်းများကို ယူဆောင်လာကြသည်။ နေရာတစ်ခုစီ၌ မည်သည့်အရာကို လက်ခံကြောင်း ဝက်ဘ်ဆိုက်တွင် ကြည့်၍ စိစစ်ပါ–
wanneroo.wa.gov.au/recycleright

- ဖြန်းဆေးဘူးများ
- သုတ်ဆေး
- လျှပ်စစ်မီးလုံးများ
- ဓါတုပစ္စည်းများ
- ဓါတ်ငွေ့ဘူးများ
- မီးသတ်ဘူးများ
- ဆေးဝါးများ
- ဓါတ်ခဲများ
- စက်ဆီများ
- တာယာများ
- မိုဘိုင်းဖုန်းများ
- လျှပ်စစ် စွန့်ပစ်ပစ္စည်း (အီလက်ထရောနစ် စွန့်ပစ်ပစ္စည်း)
- ဆောက်လုပ်ရေး စွန့်ပစ်ပစ္စည်း
- အက်ဘက်စ်တပ်စ်

ဤစာမျက်နှာကို ဆုတ်ဖြဲလိုက်ပါ